# ကျွန်တော်နဲ့အိုယဆမ

ကျွန်တော်သည်၊အိုယဆမရှိတဲ့(အိုဂျိဘ)ကိုရောက်ရှိလာတာ၊၄နှစ်လောက်ရှိသွားပါပြီ။အသေအချာပြန်စဉ်းစားကြည့်မယ်ဆိုရင်၊ရှေးအတိတ်ရေစက်ကံပါလို့ဒီနေရာကိုရောက်လာရတယ်လို့ထင်မိပါတယ်။တန်းရိဘာသာရဲ့အယူဝါဒ၊အဆုံးအမများကိုသိရှိရပြီး၊ဗုဒ္ဓဘာသာနဲ့တူညီတဲ့အချက်များလည်းရှိပါတယ်။ကျွန်တော့်အနေနဲ့အိုဂျိဘမှာလူမှုရေးပရဟိတဆောင်ရွက်မှုတွေကို၊လုပ်အားဒါနဖြင့်အင်တိုက်အားတိုက်ပါဝင်လုပ်ဆောင်နေပါတယ်။တစ်ဖက်မှာလည်း၊အိုယဆမရဲ့အဆုံးအမတွေကိုလေ့လာဆည်းပူးပြီး၊တစ်ဆင့်ပြန်လည်ပြောပြနိုင်အောင်ကြိုးစားလုပ်ဆောင်နေပါတယ်။

အိုယဆမရဲ့အဆုံးအမတွေဟာ၊ကျွန်တော်တို့လူသားတွေအတွက်၊လိုက်နာကျင့်ကြံပြီးဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာကို၊လမ်းညွှန်ပြသဆုံးမခဲ့ပြီး၊လူသားအားလုံးဟာ၊ညီအစ်ကိုမောင်နှမရင်းချာတွေဖြစ်ကြောင်း၊တစ်ယောက်နဲ့တစ်ယောက်ရိုင်းပင်းကူညီပြီးနေထိုင်ကြရမှာဖြစ်ကြောင်း၊အေးချမ်းသာယာတဲ့လူနေမှုဘဝကိုတည်ဆောက်ကြရမှာဖြစ်ကြောင်း၊ဒီခန္ဓာကြီးဟာလည်း၊ကိုယ်ပိုင်ကိုယ်ဆိုင်မဟုတ်ကြောင်း၊လူလည်းချမ်းသာ၊နတ်လည်းချမ်းသာအောင်နေထိုင်ကြရမှာဖြစ်ကြောင်းကို၊အဆုံးအများစွာပြောကြားထားပါတယ်။

အိုယဆမသည်၊လူသားတွေကိုနွေးထွေးဖြူစင်သောမိဘမေတ္တာနဲ့အမြဲအစဉ်စောင့်ရှောက်လျှက်ရှိပါတယ်။လူသားအချင်းချင်းချစ်ခင်ကြင်နာပြီးပျော်ရွှင်ဝမ်းမြောက်စွာနဲ့နေထိုင်မှုမျိုးအစဉ်မျှော်လင့်တောင်းတနေပါတယ်။

ကျွန်တော်သည်၊အိုယဆမရဲ့အဆုံးအမများကိုလိုက်နာကျင့်ကြံပြီး၊မိမိရဲ့အနာဂတ်ကာလကိုပျော်ရွှင်ဝမ်းမြောက်စွာဖြင့်နေထိုင်သွားမယ်လို့ရည်ရွယ်ဆုံးဖြတ်ထားပါတယ်။မိမိရဲ့ဆွေမျိုး၊သူငယ်ချင်းအပေါင်းအသင်းများကိုလည်းတိုက်တွန်းနှိုးဆော်သွားမှာဖြစ်ပြီး၊သာယာချမ်းမြေ့တဲ့ဘဝကိုတည်ဆောက်သွားမှာဖြစ်ကြောင်းပြောကြားရင်းနိဂုံးချုပ်ပါတယ်။

အားလုံးသောမိတ်ဆွေသင်္ဂဟများ၊ပျော်ရွှင်ချမ်းမြေ့ကြပါစေ။